မာတိကာ

၁။ မိတ်ဆက်စကား
Dr. Wilhelm Hofmeister

၂။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ အဖွင့်မိန့်ခွန်း

၃။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်း၏ အမှာစကား

၄။ ပါဝင်ရေးသားသူများ

၅။ အမျိုးမျိုးကွဲပြားနေမှုကို အလိုက်သင့်အလျားသင့် ဖြစ်စေရေးအတွက် အဖွဲ့အစည်းထုံးဖွဲ့အရ ရွေးစရာများ
Forum of Federations

၆ ဗဟိုချုပ်ကိုင်မှုဖယ်ရှားခြင်းနှင့်ကောင်းမွန်သောဒေသတွင်း အုပ်ချုပ်ပုံစနစ် - ပါဝင်ဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆီသို့
Dr. Manfred Poppe - GIZ Indonesia

၇။ အင်ဒိုနီးရှားနိုင်ငံမှ ဗဟိုချုပ်ကိုင်မှု ဖယ်ရှားခြင်း ဆယ်စုနှစ်တစ်ခု
Dr. Made Suwandi

၈။ အိန္ဒိယနိုင်ငံမှ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ဗဟိုချုပ်ကိုင်မှုဖယ်ရှားခြင်း
Prof. Sandeep Shastri

၉။ တရုတ်နိုင်ငံမှ အုပ်ချုပ်ရေးနှင့်နိုင်ငံရေးအရ ဗဟိုချုပ်ကိုင်မှုဖယ်ရှားခြင်းနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု
Prof. Guang Zhang

၁၀။ ဂျာမဏီနိုင်ငံမှ ဗဟိုချုပ်ကိုင်မှုဖယ်ရှားခြင်း-ဂျာမဏီဖက်ဒရယ်ပြည်ထောင်စု သမ္မတနိုင်ငံ
Prof. Rudolf Hrbek

၁၁။ ဗဟိုချုပ်ကိုင်မှု ဖယ်ရှားထားသော နိုင်ငံရေးစနစ်များတွင် နိုင်ငံလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာလွှတ်တော်များကြား အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်မှု - ဂျာမန် အတွေ့အကြုံ
Ute Granold, MP

၁၂ ဒေသဆိုင်ရာ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ
Aline Fiedler, MP

၁၃။ စပိန်နိုင်ငံမှ လွှတ်တော်များနှင့် ဗဟိုချုပ်ကိုင်မှု ဖယ်ရှားရေး လုပ်ငန်းစဉ်
Prof. Pablo Onate

Wilhelm Hofmeister ၏ အမှာစကား

နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ခေတ်မီ နိုင်ငံရေးစနစ်တွင် မရှိမဖြစ်လိုအပ်သော အရာတစ်ရပ်ပင်ဖြစ်ပါသည်။ စင်စစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအတွက် ခိုင်မာစွာ သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ သို့ဖြစ်ပေရာ တာဝန်ရှိသူများနှင့် လူထုသည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း နိုင်ငံတကာအတွေ့အကြုံများကို ဆန်းစစ်မှုနှင့် ဆွေးနွေးမှုတို့တွင် စိတ်ဝင်စားမှု အထူးရှိကြောင်း ပြသလျက်ရှိပေသည်၊ ကျွန်ုပ်တို့ ကျင်းပခဲ့သော ညှိနှိုင်းဆွေးနွေးပွဲနှင့် ယခုစာစောင်တို့သည် မြန်မာနိုင်ငံတွင် လတ်တလော ပြောဆို ဆွေးနွေးနေမှုကို တိုက်တွန်းအားပေးပြီး အသိအမြင် ဖြည့်တင်းပေးရန် ရည်သန်ပါသည်။

နိုင်ငံတကာအတွေ့အကြုံများနှင့် မြန်မာ့အမြင်များကို ဖလှယ်ရာတွင် ဖြည့်တင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဂျာမဏီနိုင်ငံမှ Konrad-Adenauer-Stiftung onf]Regional Development & Political, Administrative and Fiscal Decentralisation' (ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း) ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အထိ စီစဉ်ကျင်းပခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးခိန်တင်ဝင်းနှင့် ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ညိုညိုသင်းတို့၏ ခိုင်မာသော သန္နိဋ္ဌာန်များ၏ ကျေးဇူးကြောင့် အဆိုပါ ဆွေးနွေးပွဲမှာ ပေါ်ထွန်းလာနိုင်ခဲ့ခြင်းလည်း ဖြစ်ပေသည်။

တက်ရောက်သူများမှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ဒေသဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများ အားလုံးနီးပါးဖြစ်ကြပါသည်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များလည်း အဆိုပါ အစည်းဝေးကို တက်ရောက်ခဲ့ကြပါသည်။ အာရှနှင့် ဥရောပနိုင်ငံအမျိုးမျိုးမှ ပြောဆိုဆွေးနွေးသူ တစ်ဆယ့်နှစ်ဦးကလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့်ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းမှ သူတို့၏ အတွေ့အကြုံများကို မျှဝေပေးခဲ့ကြလေသည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံမှ ပိုမိုကျယ်ပြန့်သော အများပြည်သူအတွက် ဆွေးနွေးပွဲ စာတမ်းများကို တင်ဆက်ထားပါသည်။ နိုင်ငံအတွင်း ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲများ အတွက် အသိပညာဖြည့်တင်းပေးရန် ဤစာအုပ်က ပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်၊

ကောင်းမွန်သော အုပ်ချုပ်ပုံစနစ်ကို တိုးမြှင့်ဖော်ဆောင်ရာတွင်၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် ဒီမိုကရေစီ နည်းကျ အုပ်ချုပ်မှုကို တောင့်တင်း ခိုင်မာစေရေးတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် မရှိမဖြစ်လိုအပ်သော အရာဖြစ် သည်ဟု ကျယ်ပြန့်သောနိုင်ငံတကာအများသဘော ဆန္ဒတစ်ရပ် ရှိနေပါကြောင်း ရန်ကုန်တွင် ကျင်းပခဲ့သော ညှိနှိုင်းဆွေးနွေးပွဲက ထပ်လောင်း အတည် ပြုခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ် ခုနစ်ပြည်နယ်နှင့် ပြည်ထောင်စု ပိုင်နက် နယ်မြေများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံလုံးဆိုင်ရာ ပိုင်နက်နယ်မြေ၏ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ဖွဲ့စည်းပုံကို အသိအမှတ်ပြုခြင်းဖြင့် အဆိုပါ နိုင်ငံတကာ အများ သဘော ဆန္ဒနှင့်အညီ ဖြစ်နေပါသည်။ ဒေသဆိုင်ရာ လွှတ်တော်များနှင့် အစိုးရများအား ပြည့်စုံကျယ်ပြန့်သော လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးထားသလို တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များ ရွေးချယ်တင်မြှောက်ပွဲကိုလည်း စတင် မိတ်ဆက်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေ ကာမူ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းစဉ်မှာ လွန်စွာနုနယ်ပါသေးသည်။ မဝေးသောအနာဂတ် ကာလတွင် နိုင်ငံအတွင်း ဗဟို ချုပ်ကိုင်မှု ဖြန့်လည်ထားရှိရေးအတွက် အကောင်အထည်ဖော်ရမည့် ဆုံးဖြတ်ချက် အများအပြားကိုလည်း ချမှတ်ရပါလိမ့်ဦးမည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် နိုင်ငံလုံးဆိုင်ရာ လက်အောက် အစိုးရများနှင့် အုပ်ချုပ်ရေး ယူနစ်များ တောင့်တင်းခိုင်မာအောင်ဆောင်ရွက်ခြင်းသည် ပြဿနာ များအား အောင်မြင်ထိရောက်စွာ ဖြေရှင်းခြင်းနှင့်ဒေသန္တရဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ဖော်ဆောင်ရေးအတွက် မရှိမဖြစ်သော အရာတစ်ခုပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အများစု မဖြစ်လျှင်ပင် နိုင်ငံအများအပြားက နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေး လုပ်ပိုင်ခွင့် အာဏာများကို ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော အစိုးရနှင့် အုပ်ချုပ်ရေးအဆင့်များသို့ လွှဲပြောင်းပေးရန် ရွေးချယ်လာခဲ့ ကြပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် နိုင်ငံရေးဖွဲ့စည်းပုံများအား ဒီမိုကရေစီ အသွင် ကူးပြောင်းရေး၊ ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ငန်းစဉ်များတွင် ယခင်က ပယ်ထုတ်ထားခံခဲ့ရသော လူမှုရေးအုပ်စုများ၏ ပါဝင်ဆောင်ရွက်မှု အများပြည်သူဆိုင်ရာ ဌာနများ၏ ဒေသန္တရ ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်မှုနှင့်တကွ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးပါမကျန် အတန်တန်သော အကြောင်းရပ်များနှင့် နီးကပ်စွာ ဆက်စပ်နေပါသည်။

ကောင်းမွန်သော အုပ်ချုပ်ပုံစနစ်သည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးတို့အပေါ်တွင် အကြီးအကျယ် မူတည်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်ပုံစနစ်သာလျှင် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ခုတည်းသော အရေးကြီးလှသော အရာလည်း ဖြစ်နေနိုင်ပါသည်။ သို့ဖြစ်ပေရာ အရပ်ရပ်ရှိ နိုင်ငံရေး ဆုံးဖြတ်ချက် ချမှတ်သူများသည် ကောင်းမွန်သော အုပ်ချုပ်ပုံစနစ် တိုးတက်ကောင်းမွန်ရေးအတွက် အကောင်းဆုံးနည်းလမ်းကို ရှာဖွေကြပါလိမ့်မည်။ သို့ဖြစ်ရာ ထိုသူများအနေဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို တစ်ခုတည်းသော နည်းလမ်း မဟုတ်သည့်တိုင် အဆိုပါ ပန်းတိုင်ကို လှမ်းကိုင် ရောက်ရှိနိုင်ရေးအတွက် အရေးအကြီးဆုံး ကိရိယာတန်ဆာပလာအဖြစ် စဉ်းစားကြ ရမည်သာ ဖြစ်ပေသည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း။ ကျွန်ုပ်တို့၏ ညှိနှိုင်းဆွေးနွေးပွဲတွင် ဤခေါင်းစဉ်ကို အသေးစိတ်သာမက အလွန်အထူးပြုထားသော ရှုထောင့်များမှာ ဆွေးနွေးသွားကြပါလိမ့်မည်။ လတ်တလောတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် စပ်လျဉ်းသည့် ယေဘုယျအယူအဆ တချို့ကို အတိုချုပ် မျှဝေလိုပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် တာဝန်များ၊ ဝတ္တရားများ၊ အရင်းအမြစ်များနှင့် နိုင်ငံရေး ဆုံးဖြတ်ချက်ချမှတ်မှုအာဏာများကို နိုင်ငံလုံးဆိုင်ရာ၏ လက်အောက်ခံ အဆင့်များသို့ လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ အဆိုပါ နားလည်မှုသည် အုပ်ချုပ်ရေးအရ ဗဟို ချုပ်ကိုင်မှု လျှော့ချ ခြင်းကို ကျော်လွန်သွားပါသည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ယူနစ်များ၏ လုပ်ငန်းဆောင်တာများကို ကောင်းစွာ ဖြည့်ဆည်း ဖော်ဆောင်ရေးအတွက် သင့်တင့်လုံလောက်သော အရင်းအမြစ် အခြေခံတစ်ရပ် လိုအပ်ပါသည်။ ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းက ဒေသန္တရ ယူနစ်များအား ကိုယ်ပိုင်ပြဋ္ဌာန်းသည့် အခွန်နှင့် အသုံးစရိတ်မူဝါဒများကို ဖော်ဆောင် လာနိုင်စေပါသည်။ နိုင်ငံလုံးဆိုင်ရာ လက်အောက်ခံအဆင့်များသို့ နိုင်ငံရေးအရ တရားဝင်မှုကို လွှဲပြောင်းပေးခြင်းမှာ လူမှုရေးအရ လက်ခံမှုသာမက အသစ်ပန်တီး လိုက်သော ဒေသန္တရ ယူနစ်များ၏ စွမ်းရည်အတွက်ပါ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေကာမူ တစ်ပြိုင်တည်းတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၏ အားသာချက်များကို အလေးထားဖော်ပြနေလင့်ကစား နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု အခြေအနေများတွင် ထည့်သွင်းစဉ်းစားအပ်၊ ရှောင်ကြဉ်အပ်သော ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းလုပ်ငန်းစဉ်များမှ အန္တရာယ်များကိုလည်း သတိထားမိနေရန် လိုအပ်ပါသည်။ အဆိုပါ အန္တရာယ်များမှာ ပြဿနာကြီးမားသော ဒေသန္တရ အခွင့်ထူးခံ လူတန်းစားများ အလွန်အမင်း တောင့်တင်းလာခြင်း၊ အကျင့်ပျက်ခြစားမှုအား ဗဟို ချုပ်ကိုင်မှုလျှော့ချလိုက်ခြင်းနှင့် အမျိုးသား စည်းလုံးညီညွတ်မှု လျော့ရဲလာခြင်းများကို ဆိုလို ပါသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ဖွံ့ဖြိုး တိုးတက်ရေးတို့ဖြင့် ပြောလျှင် ဗဟိုချုပ်ကိုင်မှု လျှော့ချ ခြင်း လုပ်ငန်းစဉ်အားလုံးက အောင်မြင်မှုများဆီသို့ အလိုအလျောက်ဖြစ်စေ၊ ချက်ချင်းလက်ငင်းဖြစ်စေ ရောက်ရှိ စေနိုင်မည်မဟုတ်ကြောင်း ကျွန်ုပ်တို့ ဝန်ခံကြရမည်သာ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ မြန်မာနိုင်ငံတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို စတင်နေလင့်ကစား အခြားနိုင်ငံ များအား လေ့လာပြီး သူတို့၏ အတွေ့အကြုံကောင်းများမှရော အတွေ့အကြုံဆိုးများမှပါ သင်ယူ မှတ်သားနိုင်မှသာ အမြော်အမြင်ရှိရာ ရောက်ပြီး လျော်လည်း လျော်ကန်ပါ လိမ့်မည်။ အဆိုပါ ရက် အနည်းငယ်မျှအတွင်း ကျွန်ုပ်တို့၏ ဆွေးနွေးမှုသည် အဆိုပါ အတွေ့အကြုံဖလှယ်ရေးအတွက် ပံ့ပိုးမှုတစ်ရပ်ဖြစ်ပါသည်။

အခြားနိုင်ငံများ၏ အတွေ့အကြုံများကို ဆန်းစစ်သောအခါ လျော်ကန်သော အနေအထားများတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း ပုံစံအမျိုးမျိုးက နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများ တိုးပွား လာအောင် ချဲ့ထွင်ရာ၌ အရေးကြီးသော အခန်းကဏ္ဍများမှ ပါဝင်လျက်ရှိပါသည်။ ထိရောက်မှုရှိသောအခါ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းက အရေးကြီး သော စီးပွားရေးနှင့် လူမှုရေး လုပ်ငန်းများတွင် ဗဟိုအစိုးရ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ထိန်းချုပ်ခြင်းတို့ ကြောင့် ပေါ်ပေါက်လာသော ဆုံးဖြတ်ချက်ချမှတ်ခြင်းမှ တစ်ဆို့ကြန့်ကြာမှုများကို ပြေလျော့သွားအောင် ပံ့ပိုးပေးပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ရှုပ်ထွေး သော ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းများကို ဖြတ်တောက်ပေးရာတွင် ပံ့ပိုးပေးနိုင်ပြီး ဒေသ အခြေအနေများနှင့် လိုအပ်ချက်များကို အစိုးရ တာဝန်ရှိသူများ၏ စာနာသိရှိမှုကို တိုးပွားလာစေနိုင်ပါသည်။

ထို့အပြင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းက နိုင်ငံလုံးဆိုင်ရာ အစိုးရဝန်ကြီးဌာနများအနေဖြင့် ဝန်ဆောင်မှုများကို နယ်ခံဒေသများမှ ပိုမိုများပြား သော အရေအတွက်များဆီအထိ ကမ်းလင့်နိုင်ပါသည်၊ ဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံရေး၊ လူမျိုးစာတိ၊ ဘာသာရေး၊ ယဉ်ကျေးမှု မျိုးစုံကွဲပြားနေသော အုပ်စုများ အတွက် ပိုမိုကြီးမားသော ကိုယ်စားပြုမှုကို ရရှိစေနိုင်ပါသည်၊ ဗဟိုဝန်ကြီးဌာနမှ ထိပ်တန်း စီမံခန့်ခွဲသူများကိုလည်း မူဝါဒအပေါ်တွင် အာရုံစိုက်လာစေနိုင်ကာ 'လုပ်ရိုးလုပ်စဉ်' လုပ်ငန်းဆောင်တာများမှ သက်သာလာစေပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် နယ်ခံ 'စမ်းသပ်မှုများ'ကို လမ်းဖွင့်ပေးသည့်အတွက် ပိုမို အတွေး သစ်၊ ဆန်းသစ်ပြီး အလိုက်သင့်တုံ့ပြန်ပေးရာရောက်သည့် အစီအစဉ်များကို ပိုမိုပေါ်ထွန်း လာစေနိုင်ပါသည်။ အများနှင့်သက်ဆိုင်သောအစီအစဉ်များအား ဒေသန္တရအဆင့်တွင် ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်အောင် နိုင်ငံသူနိုင်ငံသားများအား ခွင့်ပြုလိုက်ခြင်းအားဖြင့် နိုင်ငံရေးတည်ငြိမ်မှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကိုလည်း တိုးပွားလာစေနိုင်ပါ သည်။

မည်သို့ပင်ဆိုစေကာမူ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အမြဲတစေ ထိရောက်နေမည်တော့ မဟုတ်ပါချေ။ အထူးသဖြင့် စံသတ်မှတ်ထားသော၊ လုပ်ရိုးလုပ်စဉ်၊ ကွန်ရက် အခြေခံဝန်ဆောင်မှုလုပ်ငန်းများတွင် ဖြစ်ပါသည်။ အတိုင်း အတာ စီးပွားရေးများတွင် ဆုံးရှုံးမှုများနှင့် ရှားပါးသော ဘဏ္ဍာရေး အရင်းအမြစ်များ အပေါ် ဗဟိုအစိုးရ၏ ထိန်းချုပ်မှုတို့ကို ဆုံးရှုံးသွားစေနိုင်ပါသည်။ ဒေသန္တရအဆင့်များ၌ အားပျော့သော အုပ်ချုပ်ရေး၊ သို့မဟုတ် နည်းပညာပိုင်း စွမ်းရည်ကလည်း နိုင်ငံ၏ တချို့ဒေသ များတွင် ဝန်ဆောင်မှုများ ပေးအပ်သည့်အခါ ခရီးရောက်မှုနှင့် ထိရောက်မှု လျော့ပါးသွားစေနိုင်ပါ သည်။ သို့ဖြစ်ပေရာ ဒေသန္တရ အစိုးရဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များနှင့် အခြား ရင်းနှီးမြှုပ်နှံမှု ပုံစံများဖြင့် ဒေသန္တရ နည်းပညာစွမ်းရည်များကို တိုးတက်ကောင်းမွန် အောင် လုပ်ဆောင်ရန်မှာ မရှိမဖြစ် လိုအပ်ပါသည်။ နောက်ထပ် စိန်ခေါ်မှုတစ်ရပ်မှာ ဘဏ္ဍာရေး အရင်းအမြစ်များ လုံလောက်မှုမရှိဘဲ အုပ်ချုပ်ရေး တာဝန်ဝတ္တရားများကို ဒေသန္တရအဆင့်များသို့ လွှဲပြောင်းပေးခြင်းပင်ဖြစ်ပါသည်။ ယင်းက ညီမျှသော ဖြန့်ဝေမှုကိုဖြစ်စေ၊ ဝန်ဆောင်မှု များ ပေးအပ်ခြင်းကို ဖြစ်စေ ပိုမို ခက်ခဲသွားစေပါသည်။ သို့ဖြစ်ရာ အရင်းအမြစ်များနှင့် ဘဏ္ဍာရေး လုပ်ပိုင်ခွင့်အာဏာများ လွှဲပြောင်းပေးခြင်းမှာလည်း ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော မူဝါဒများ အောင်မြင်ရေးအတွက် ရှိထားရမည့် နောက်ထပ် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်၊

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် နိုင်ငံလုံးဆိုင်ရာ မူဝါဒများ ညှိနှိုင်း ဆောင်ရွက်ရာတွင် အထူး စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပေသည်။ သို့ဖြစ်ရာ ဒေသန္တရ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရများနှင့် လွှတ်တော်များ၊ နိုင်ငံလုံးဆိုင်ရာ အစိုးရနှင့် လွှတ်တော်များကြား ကောင်းမွန် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်သော ဗဟိုချုပ်ကိုင်မှု လျှော့ချ ခြင်းအတွက် အဓိက အခြေအနေ တစ်ရပ်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အတွေ့အကြုံအရ လွှတ်တော်များသည် ဗဟိုချုပ်ကိုင်မှု လျှော့ချ ခြင်းနှင့် ပတ်သက်လာလျှင် အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍတွင် ရှိနေပါသည်။ ယင်းတို့က မူဝါဒများကို ဆွေးနွေး ဆုံးဖြတ်ကြပါလိမ့်မည်၊ အဆိုပါ ဆုံးဖြတ်ချက် များအား အကောင်အထည်ဖော်မှုကို ယင်းတို့က စောင့်ကြည့်ကြပ်မတ် ထိန်းချုပ်ကြပါ လိမ့်မည်၊ လွှတ်တော်ကိုယ်စားလှယ်များသည် လူထုထံမှ တုံ့ပြန်ချက်များကို ရရှိကြပါ လိမ့်မည်၊ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များသည် ဗဟိုနိုင်ငံတော်နှင့် ဒေသ ဆိုင်ရာ အစိုးရများကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြမည်မှာလည်း မလွဲပါချေ။

သို့ဖြစ်ပေရာ ရန်ကုန်မြို့၌ ကျင်းပခဲ့သော ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း နိုင်ငံတကာ ညှိနှိုင်းဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ် အများအပြား တက်ရောက်ခဲ့သည့်အတွက် ကျွန်ုပ်တို့ အလွန်ဝမ်းသာ ကြည်နူးမိပါသည်။ ဤစာအုပ် သည် အခြားလွှတ်တော်ကိုယ်စားလှယ်များထံသို့သာမက ပိုမိုကျယ်ပြန့်သော လူထုထံသို့ အထိပါ ရောက်ရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် နိုင်ငံရေး ကိစ္စရပ်ဖြစ်ပါသည်။ ယင်းကို ကျွမ်းကျင်သူများ၏ လက်ထဲတွင်သာ သီးသန့် ထားရမည်မဟုတ်ပါ။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအောင်မြင်စေလိုပါက ဤဆွေးနွေးပွဲတွင် အစကနဦးကတည်းက လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံသူ နိုင်ငံသားများ မလွဲမသွေ ပါဝင်ကြရမည်သာ ဖြစ်ပါသတည်း။

ပါဝင်ရေးသားသူများ

Aline FIEDLER, လွှတ်တော်ကိုယ်စားလှယ်

ဒရက်စဒင် နည်းပညာတက္ကသိုလ်မှ မျက်မှောက်ခေတ်သမိုင်း၊ ဥပဒေနှင့် လူမှုရေး သိပ္ပံဘာသာရပ်များဖြင့် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီးနောက် Aline Fiedler သည် ဒရက်စဒင် ခရိုင်မှ ခရစ်ယာန်ဒီမိုကရက်တစ် သမဂ္ဂ (စီဒီယူ) လူငယ် အသင်းတွင် ဥက္ကဋ္ဌအဖြစ်နှင့် ဒရက်စဒင်မြို့မှ လူငယ်သာယာရေး ကော်မတီ၏ ဒုဥက္ကဋ္ဌအဖြစ် စတင်ခဲ့ပါသည်။ ဒရက်စဒင်မြို့အတွက် မြို့ကောင်စီဝင်အဖြစ် လုပ်ဆောင်ခဲ့ပြီး ယဉ်ကျေးမှုရေးရာ ကော်မတီ၊ ဘဏ္ဍာရေးနှင့် ပိုင်ဆိုင်မှု ကော်မတီ၊ ဆေးရုံများနှင့် ကလေးငယ်များ နေ့ကလေးထိန်းဌာနများ ကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ဆက္ကဆော်(နီ) ပြည်နယ် ပညာရေး ဝန်ကြီးဌာနတွင် လူထုဆက်သွယ်ရေး ကျွမ်းကျင်သူ၊ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေး စီမံခန့်ခွဲမှုအတွက် ဆက္ကဆော်(နီ) အစိုးရ လုပ်ငန်းတွင် အဖွဲ့အစည်း နှင့် ဥပဒေ ကျွမ်းကျင်သူ၊ ဆက္ကဆော်(နီ)ပြည်နယ် ဘဏ္ဍာရေး ဝန်ကြီးဌာနတွင် လူထုဆက်သွယ်ရေး ကျွမ်းကျင်သူအဖြစ်လည်း ဆောင်ရွက်ခဲ့ပါသေးသည်။ ၂၀၀၉ ခုနှစ်မှ စတင်ပြီး ဆက္ကဆော်(နီ) လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာခဲ့ပါသည်။

Ute GRANOLD, လွှတ်တော်ကိုယ်စားလှယ်

Ute Granold မှာ ၂၀၀၂ ခုနှစ်ကတည်းက ဂျာမန် ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်ခဲ့ပြီး Mainz မြို့ မဲဆန္ဒနယ် နှင့် ၁၉၇၂ ကတည်းက အဖွဲ့ဝင်ဖြစ်ခဲ့သော ခရစ်ယာန်ဒီမိုကရက်တစ်သမဂ္ဂကို ကိုယ်စားပြုပါသည်၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ မရောက်ရှိမီက Rhineland-Palatinate ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခဲ့ပါသည်။ ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော်တွင် Granold သည် ဥပဒေရေးရာ ကော်မတီ၊ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ကော်မတီတို့တွင် တက်ကြွစွာ ဆောင်ရွက်ခဲ့ပါသည်။ Mainz တက္ကသိုလ်တွင် ဥပဒေပညာသင်ကြားခဲ့ပြီး ထိုအချိန်ကတည်းက အမှုလိုက်နေသော ရှေ့နေတစ်ဦးလည်း ဖြစ်လေသည်။ ထို့အပြင် ဂျာမန် ကြက်ခြေနီအသင်းတွင်သာမကဘဲ အမျိုးသမီး ရှေ့နေအသင်းတွင်လည်း တက်ကြွသော အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

Reinhold HERBER

ဒေါက်တာ ဟာဘာသည် ကိုလုံး တက္ကသိုလ်မှ ပါရဂူဘွဲ့နှင့်တကွ တွဲဖက် စီးပွားရေးဒီပလိုမာတို့ကို ရရှိခဲ့ပြီး Bonn နှင့် Trier တက္ကသိုလ်များတွင် နိုင်ငံရေး သိပ္ပံနှင့် စီးပွားရေး ဘာသာရပ်များကို သင်ကြား ပို့ချခဲ့ပါသည်။ နိုင်ငံရေး အပြန်အလှန် ဆက်သွယ် အသိပေး ပြောဆိုမှု၊ လူထု ကျန်းမာရေးတို့နှင့် စပ်လျဉ်းသော စာအုပ်နှင့် ဆောင်းပါးပေါင်းများစွာကို ရေးသား ထုတ်ဝေ တည်းဖြတ်ခဲ့သူလည်း ဖြစ်ပါသည်။ ဒေါက်တာ ဟာဘာသည် နိုင်ငံရေးအတွင်းဝန်နှင့် ဂျာမန် နိုင်ငံခြားရေး ဝန်ထမ်း အဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့သလို ဥရောပသမဂ္ဂ၊ အိုင်အယ်(မ်)အက်(ဖ်)နှင့် ကမ္ဘာဘဏ်တို့ တွင်လည်း အမှုထမ်းခဲ့ပါသည်။ ခရစ်ယာန် ဒီမိုကရက်တစ် သမဂ္ဂနှင့် ခိုင်မာစွာ ဆက်စပ်နေသည့်အားလျော်စွာ ဒေါက်တာဟာဘာသည် ဖက်ဒရေးရှင်းများ ဆွေးနွေး အဖွဲ့၏ အကြီးတန်း အကြံပေးအဖြစ် လတ်တလော ဆောင်ရွက်လျက်ရှိပြီး ဂျာမန်နှင့် ဥရောပရေးရာများနှင့် စပ်လျဉ်းသော အတိုင်ပင်ခံတစ်ဦးအဖြစ်လည်း ဆောင်ရွက်လျက် ရှိပေသည်။

Wilhelm HOFMEISTER

ဒေါက်တာ Wilhelm Hofmeister သည် ၂၀၀၉ ခုနှစ်မှ စတင်ပြီး Konrad Adenauer Foundation (KAF) ၏ စင်ကာပူအခြေစိုက် 'အာရှတိုက်နှင့် နိုင်ငံရေး ဆွေးနွေးပွဲ' ဒေသဆိုင်ရာ အစီအစဉ် ညွှန်ကြားရေးမှူးဖြစ်ပါသည်။ ယင်းမတိုင်မီက သူသည် ၁၉၈၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ချီလီနိုင်ငံတွင် KAF၏ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဂျာမန်ရုံးချုပ်ရှိ နိုင်ငံ တကာ ပူးပေါင်းဆောင်ရွက်ဌာနတွင်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ စတင်ပြီး အဆိုပါဌာန၏ အာဖရိက၊ အာရှနှင့် လက်တင်အမေရိကတို့အတွက် တာဝန်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၁၀၀၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဘရာဇီးနိုင်ငံရီအိုဒီဂျနေရိုးရှိ Konrad Adenauer Foundation သုတေသန ဗဟိုဌာန၏ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ Dr. Hofmeister သည် ဂျာမဏီနှင့် လက်တင်အမေရိကတို့မှ စာအုပ်များနှင့် ဂျာနယ်များတွင် ဆောင်းပါးများ အများအပြား ရေးသားခဲ့ပြီး (ဂျာမန်နှင့် စပိန် ဘာသာတို့ဖြင့် ထုတ်ဝေထားသော) 'ချီလီ - ဒီမိုကရေစီ အတွက် ရွေးစရာ' စာအုပ်ကို ရေးသားခဲ့သလို နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာဆက်ဆံရေးတို့နှင့် စပ်လျဉ်းသော စာအုပ်အမျိုးမျိုးကိုလည်း တည်းဖြတ်ခဲ့ပါသည်။ 'O Estado de São Paulo' ဟူသည့် ဘရာဇီး သတင်းစာတစ်စောင်တွင် အာရှရေးရာများနှင့် စပ်လျဉ်းပြီး ပုံမှန် ဆောင်းပါးရှင်လည်း ဖြစ်ပါသည်။

Rudolf HRBEK

ပါမောက္ခ Rudolf Hrbek သည် ဂျာမဏီနိုင်ငံ Tübingen တက္ကသိုလ်မှ နိုင်ငံရေး သိပ္ပံဌာန ဥက္ကဋ္ဌအဖြစ် ၁၉၇၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ၂၀၀၆ ခုနှစ် နွေဦးတွင် ဂုဏ်ထူးဆောင် ပါမောက္ခ ဖြစ်လာခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်မှ စတင်ပြီး သူသည် (ဘယ်လဂျီယံနိုင်ငံ) Bruges မှ ဥရောပ ကောလိပ်တွင် ဧည့်ပါမောက္ခဖြစ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ထိုင်း၊ အီတလီနှင့် ဆွစ်ဇာလန်တို့တွင် လည်း ဧည့်ပါမောက္ခဖြစ်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်မှ စတင်ပြီး ပါမောက္ခ Hrbek သည် Tübingen တက္ကသိုလ်၌ ဖက်ဒရယ်ဝါဒ သုတေသနအတွက် ဥရောပ ဗဟိုဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဖြစ်လာခဲ့ပြီး (၂၀၀၂ ခုနှစ်မှ စတင်ကာ) 'ဖက်ဒရယ် ဝါဒ နှစ်ချုပ်စာအုပ်' (ဂျာမန်ဘာသာဖြင့်)၊ တစ်တွဲလျှင် ခေါင်းစဉ်ပေါင်း ၄၀ ခန့် ပါရှိသော ဗဟိုဌာန၏ စာအုပ်တွဲများနှင့် 'အကြောင်းဆိုက်သော စာတမ်းများ' စာအုပ်တွဲများကို တည်းဖြတ်ရာတွင် တာဝန်ယူခဲ့ပါသည်။ 'ဒေသဆိုင်ရာနှင့် ဖက်ဒရယ် လေ့လာချက်များ' ဂျာနယ်၏ စာတည်း အကြံပေးဘုတ်အဖွဲ့၏ အဖွဲ့ဝင်လည်း ဖြစ်ပါသည်။ သူ၏ ရေးသားထုတ်ဝေမှု ၂၅၀ ခန့်မှာ ဥရောပ ပေါင်းစည်းမှုနှင့် ဥရောပသမဂ္ဂ၊ ဖက်ဒရယ်ဝါဒ၏ ပြဿနာများ၊ နယ်မြေပိုင်နက် ဖွဲ့စည်းပုံအပေါ်တွင် အလေးထားသော ဥရောပမှ နိုင်ငံရေးစနစ်များ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေး စနစ်များအပေါ်တွင် အလေးထားအာရုံစိုက်ခဲ့ပါသည်။

Rabindra KHANAL

ပါမောက္ခ Khanal သည် ခတ္တမန်ဒူရှိ ထြိဘုဝန် တက္ကသိုလ်မှ နိုင်ငံရေး သိပ္ပံ ပါမောက္ခဖြစ်ပြီး နီပေါတပ်မတော် တပ်မတော် တပ်မဌာနချုပ်နှင့် ဝန်ထမ်း ကောလိပ်မှ ဧည့်ပါမောက္ခလည်း ဖြစ်ပါသည်။ ထြိဘုဝန် တက္ကသိုလ်မှ ပဋိပက္ခ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဌာနအတွက် အမြဲတမ်း ကော်မတီ အဖွဲ့ဝင်လည်း ဖြစ်သလို ကိုလံဘိုမှ မဟာဗျူဟာလေ့လာရေး သုတေသန ဗဟိုဌာနမှ နိုင်ငံတကာ သုတေသန ကော်မတီ [အိုင်အာ(ရ်)စီ] အဖွဲ့ဝင်လည်း ဖြစ်ပါသည်။ နိုင်ငံလုံး ဆိုင်ရာနှင့် နိုင်ငံတကာ ဂျာနယ်များတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ ဒေသန္တရ အုပ်ချုပ်ပုံစနစ်နှင့် ဆက်စပ်နေသော ခေါင်းစဉ်များအကြောင်း ဆောင်းပါးပေါင်း ၁၀၀ ကျော် ရေးသားခဲ့ပြီး ဖြစ်ပါသည်။

Pablo OÑATE RUBALCABA

ပါမောက္ခ ရူဘာလခါဘာသည် ဥပဒေနှင့် ဘွဲ့ရခဲ့ပြီး မဒရစ် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ ပါရဂူဘွဲ့ကို ရရှိ ခဲ့ပါသည်။ ပညာရှင်ဘဝတွင် အောက်စဖို့ တက္ကသိုလ်၊ လန်ဒန် စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကျောင်းတွင် ကထိကအဖြစ် တာဝန်ယူခဲ့ပြီး ဂျော့(ချ်)ဝါရှင်တန် တက္ကသိုလ်တွင် သင်ကြားပို့ချခဲ့ပါသည်။ ဆောင်းပါးများ၊ စာတမ်းများနှင့် စာအုပ်များ အမြောက်အမြား၏ စာရေးသူ၊ ထုတ်ဝေသူ၊ စာတည်းအဖြစ် ပါမောက္ခ ရူဘာလခါဘာသည် ဒီမိုကရေစီ၊ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီ အမူအကျင့်များတွင် ကျွမ်းကျင်သူ တစ်ဦးဖြစ်ပါသည်။ ကုလသမဂ္ဂ၏ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ နိုင်ငံတကာ လေ့လာသူနှင့် နိုင်ငံရေး အတိုင်ပင်ခံတစ်ဦးအဖြစ် လုပ်ဆောင်ခဲ့သော သူ့အတွေ့အကြုံကြောင့် ကမ္ဘာတစ်လွှားရှိ နိုင်ငံများစွာသို့ ရောက်ရှိခဲ့ပါသည်။ ယခုအခါတွင် သူသည် ဥရောပ နိုင်ငံစီမံကိန်းများ နှိုင်းယှဉ် လေ့လာမှုကို ဦးဆောင်လျက် ရှိပါသည်။

Manfred POPPE

ဒေါက်တာ Poppe သည် Dortmund တက္ကသိုလ်မှ ဒေသဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု စီမံကိန်းဘာသာရပ်တွင် ပါရဂူဘွဲ့ကို ရရှိခဲ့ပြီး ကိုင်ရိုမှ Deutsche Gesellschaft fur Technische Zusammenarbeit (GTZ/GIZ) ကိုယ်စား တွဲဖက် ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ဂျာမဏီနိုင်ငံ Muenster ဧည့်ပင် သာယာနယ်နိမိတ်တွင် မြို့စီမံကိန်းရေးဆွဲခြင်း၊ မြို့ပြမြေယာသုံးစွဲမှု၊ မြို့ပြပုံစံ

နယ်ပယ်တွင် တွဲဖက် ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ဂျာမဏီနိုင်ငံ နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန [စီဆိုင်အယ်(မ်)] ကိုယ်စား ပေါင်းစည်းထားသော ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ GIZ ကိုယ်စား ရေရှည်ထိန်းသိမ်းထားနိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းရည်တည်ဆောက်ခြင်း - PlanDialog ၏ အမှုဆောင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပါသည်။ လတ်တလောတွင် သူသည် GIZ ကိုယ်စား 'ကောင်းမွန်သော အုပ်ချုပ်ပုံစနစ်ကို ပံ့ပိုးမှုအဖြစ် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း'ဟူသည့် အင်ဒိုနီးရှား- ဂျာမန် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အကြီးတန်း အဖွဲ့ခေါင်းဆောင် ဖြစ်ပါသည်။ Poppe သည် Dortmund တက္ကသိုလ်မှ 'တိုးတက်နေသော စီးပွားရေး နိုင်ငံများရှိ ဒေသများအတွက် အလယ်အကြားရှိသော စီမံကိန်းရေးဆွဲခြင်း' နှင့် စပ်လျဉ်းသော ဘွဲ့လွန် အစီအစဉ်တွင် အကြီးတန်း ကထိကနှင့် လက်ထောက် အကြီးအကဲအဖြစ်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ မခုရာရှိ ဘန်ကလန်တက္ကသိုလ်မှ ဒေသဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းတွင် အကြီးတန်း ကထိက အဖြစ်လည်းကောင်း၊ 'သုတေသနနှင့် ရပ်ရွာအသိုင်းအဝိုင်း ဝန်ဆောင်မှုသိပ္ပံ' နှင့် 'ဒေသဆိုင်ရာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲမှုဗဟိုဌာန' တို့၏ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့ပါသည်။

Sandeep SHASTRI

ပါမောက္ခ ရှာစတြီသည် ဘန်ဂလော်ရှိ ဂျိန်းတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ ပါမောက္ခနှင့် အဆိုပါ တက္ကသိုလ်၏ လူမှုရေးသိပ္ပံနှင့် ပညာရေးသုတေသန ဗဟိုဌာန (CERSSE)၏ ညွှန်ကြားရေးမှူးဖြစ်ပါသည်။ သူသည် နိုင်ငံသူနိုင်ငံသား၏ အမြင်မှ ဒီမိုကရေစီအား အကဲဖြတ်ချက်တစ်ရပ်ဖြစ်သည့် ကမ္ဘာလုံး ဆိုင်ရာ[illegible] လေ့လာချက်တွင် တောင်အာရှ၏ ပါဝင်ပတ်သက်မှုရှိလာအောင် ညှိနှိုင်းဆောင်ရွက် ခဲ့ပါသည်။ အိန္ဒိယအထက်လွှတ်တော်အား သူ၏ လက်တွေ့သုတေသန ပြုချက်က အထက်လွှတ်တော်များနှင့် စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ သုတပေါင်းချုပ်တစ်ရပ်၏ အစိတ်အပိုင်းဖြစ်ပါသည်။ သိပ်မကြာသေးခင်က ပြည်နယ် လူငယ် မူဝါဒ ရေးဆွဲရေး ကော်မတီကို ဦးဆောင်ရန် ကာနာတကာ အစိုးရက သူ့အား ခန့်ထားခဲ့ပါသည်။ လူမှုရေး သိပ္ပံဘာသာရပ်နယ်ပယ်များမှ ဂုဏ်သတင်း ကြီးမားလှသော နိုင်ငံတကာ သုတေသနအဖွဲ့များနှင့် ဆက်စပ်လျက်ရှိပြီး ကမ္ဘာ တစ်လွှားတွင်လည်း ကျယ်ပြန့်စွာ ပို့ချခဲ့ပါသည်။ ဆူဒန်၊ တောင် ဆူဒန်၊ အီသီ ယိုးပီးယား၊ နီပေါနှင့် အိန္ဒိယနိုင်ငံတို့မှ

ဖက်ဒရေးရှင်းများ ဆွေးနွေးအဖွဲ့၏ စီမံကိန်းအများအပြားတွင် သူက အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့ပြီး Konrad-Adenauer Foundation နှင့်အတူ ဖက်ဒရယ်ဝါဒ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် စပ်လျဉ်းသည့် စီမံကိန်းတချို့တွင်လည်း ဆောင်ရွက်ခဲ့ပါသည်။

I. Made SUWANDI

ဘာမင်ဂမ် တက္ကသိုလ်မှ ဒေသန္တရအစိုးရ လေ့လာချက်များတွင် ပါရဂူဘွဲ့ ရရှိခဲ့ပြီးနောက် ဒေါက်တာ ဆူဝန်ဒီသည် မြို့ပြအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့ပြစီမံခန့်ခွဲမှု ဌာနခွဲ၏ အကြီးအကဲ၊ သုတေသနနှင့် ဖွံ့ဖြိုးရေး အေဂျင်စီတွင် စီမံကိန်းရေးဆွဲရေး ဌာနခွဲ၏ အကြီးအကဲ၊ ပြည်ထဲရေး ဝန်ကြီးဌာန (မိုဟာ)ရှိ သုတေသနနှင့် ဖွံ့ဖြိုးရေး အေဂျင်စီမှ စီးပွားရေးနှင့် ဒေသဆိုင်ရာ ဘဏ္ဍာရေး လေ့လာမှု ဗဟိုဌာန အကြီးအကဲ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ နောက်ပိုင်းတွင် သူသည် မိုဟာရှိ ဒေသဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးရေး ညွှန်ကြားရေးမှူး၊ မိုဟာရှိ ဒေသဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ မူဝါဒ အဆင့်မြှင့်ရေးနှင့် အကဲ ဖြတ်ရေး ညွှန်ကြားရေးမှူးနှင့် မိုဟာရှိ ဒေသန္တရအစိုးရ လုပ်ငန်းရပ်များ ညွှန်ကြားရေးမှူးတို့အဖြစ် တာဝန်ယူခဲ့ပါသည်။ လတ်တလောတွင် သူသည် အုပ်ချုပ်ပုံစနစ်ရေးရာများ၏ ညွှန်ကြားရေးမှူးချုပ် ဖြစ်ပါသည်။

Guang ZHANG

သူသည် ၂၀၀၂ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု Kent State တက္ကသိုလ်မှ နိုင်ငံရေး သိပ္ပံ ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် Xiamen တက္ကသိုလ်သို့ မပြောင်းရွှေ့မီ နန်ကိုင်း တက္ကသိုလ်၏ အစိုးရ ရှောင်အင်လိုင်း ကျောင်းတွင် ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ရှန်ဟဲ ဘဏ္ဍာရေးနှင့် စီးပွားရေး တက္ကသိုလ်၊ လူထုစီးပွားရေးနှင့် စီမံခန့်ခွဲရေး ကျောင်းတွင်လည်း ဧည့် ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပါသေးသည်။ ဒေါက်တာ Zhang သည် ဆွန်ယက်ဆင် တက္ကသိုလ်၊ တရုတ်လူထု အုပ်ချုပ်ရေး သုတေသနဗဟိုဌာနနှင့် နန်ကိုင်း တက္ကသိုလ်၊ ဂျပန်ဘာသာ လေ့လာရေး သိပ္ပံတို့မှ သုတေသနအဖွဲ့ဝင်ပညာရှင်လည်း ဖြစ်ပါသည်။ သူသည် လူထု အုပ်ချုပ်ရေး ဂျာနယ် (Gonggong Xingzheng Pinglun)၏ စာတည်း တစ်ဦးလည်း ဖြစ်ပါသည်။ လတ်တလောတွင် သူသည် စင်ကာပူ အမျိုးသား တက္ကသိုလ်၊ အရှေ့အာရှ သိပ္ပံမှ ဧည့်သုတေသနအဖွဲ့ဝင်ပညာရှင်နှင့် တရုတ်နိုင်ငံ Xiamen တက္ကသိုလ်၊ လူထုရေးရာကျောင်းမှ နိုင်ငံရေးသိပ္ပံ ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပါသည်။